နောက်ဆက်တွဲ(က)

**ရွှေပစ်မှတ်ကုမ္ပဏီလီမိတက်မှ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ဒေသ၊ ခလိန်ကျေးရွာအနီး၊ မြေဧရိယာ (၂၀) ဧကရှိ (SGN-137) လုပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ရွှေပစ်မှတ်ကုမ္ပဏီလီမိတက်မှ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ဒေသ၊ ခလိန်ကျေးရွာအနီး၊ မြေဧရိယာ (၂၀) ဧကရှိ (SGN-137) လုပ်ကွက်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၃၀-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ် ၂၃၄၀/ရွှေဖက်စပ်(ရွှေပစ်မှတ်)/၁၉ ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဇာနည်မောင်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ရွှေပစ်မှတ် ကုမ္ပဏီလီမိတက်၊ အမှတ် (၃၅)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉ ၇၉၉၁၈၇၄၄၀၊ ၀၉ ၅၀၁၃၆၈၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းအား မြေအောက်သတ္တုတူးဖော်နည်းစနစ်ဖြင့် ဆောင်ရွက်ရာတွင် သတ္တုကြောများရှာဖွေကာ ယမ်းများအသုံးပြု၍ မြေအောက်လိုဏ်ခေါင်းများ တူးဖော်ခြင်း၊ တူးဖော်ပြီး ရရှိလာသော သတ္တုပါကျောက်များကို စုပုံကွင်းတွင် စနစ်တကျစုပုံခြင်း၊ စုပုံထားသောသတ္တုပါ ကျောက်များအား ရွှေအမှုန့်ဖြစ်အောင် ကြိတ်ခွဲခြင်း၊ သိုလှောင်ကန်များအတွင်း ရေနှင့် ရောကာ ထုံးများထည့်ပြီး ရွှေသတ္တုများ ချွတ်နိုင်ရန်အတွက် Sodium Cyanide အသုံးပြု၍ ရွှေပါသတ္တုပျော်ရည်များ ထုတ်ယူခြင်း၊ ရွှေပါသတ္တုပျော်ရည်များကို Activated Carbon အသုံးပြု၍ ရွှေစုယူမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများမှာ Lime ၊ Sodium Cyanide ၊ Activated Carbon အပါအဝင် အခြားပစ္စည်းများကိုလည်း အသုံးပြုမည်ဖြစ်ကြောင်း၊ လေးလုံးထိုး ဒီဇယ်အင်ဂျင် (၁) လုံး၊ ၂၅ ကောင် ဒီဇယ်အင်ဂျင် (၁) လုံး၊ Komatsu Backhoe (၁) စီး၊ Dump Truck (၂) စီး၊ Jaw-Crusher ၊ Cone Crusher ၊ Bow Crusher တို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအင်အား (၁၇) ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ (၁) နှစ်လျှင် ရေဂါလန် (၆၀,၀၀၀) ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ (၁) နှစ်လျှင် လောင်စာဆီလိုအပ်ချက်အနေဖြင့် (၂,၀၀၀) ဂါလန် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ဒေသ၊ ခလိန်ကျေးရွာအနီး၊ မြေဧရိယာ (၂၀) ဧကရှိ (SGN-137) လုပ်ကွက်တွင် တည်ရှိပါသည်။

